# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 6, 2019 Volume 19, Number 3


**၆.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၂၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇ ကျပ် |
| CBM Rate | = ၁၅၂၄.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်ကိုပို့တဲ့ စိန်တလုံးသရက် ဒီလပိုင်းအတွင်း ယွမ် ၃၀ လောက်အထိ ဈေးကျဆင်း

တရုတ်ကို တင်ပို့တဲ့ စိန်တလုံးသရက်သီးဈေးကွက်မှာ အခုနှစ် သင်္ကြန်မတိုင်မီက ဈေးနှုန်းပေါက်ဈေးထက် တစ်ဖာကို တရုတ်ငွေ ယွမ် ၃၀ ဝန်းကျင်လောက်အထိ ကျဆင်းလာတယ်လို့ မြန်မာသရက်သီး နည်းပညာနှင့် ဈေးကွက်ဖွံ့ဖြိုးရေးအသင်းက သိရပါတယ်။

သင်္ကြန်မတိုင်မီက စိန်တလုံးသရက်တစ်ဖာကို ယွမ် ၁၇၀ ထိ ရှိခဲ့ပေမဲ့လည်း ဧပြီ ၂၆ ရက်မှာတော့ ယွမ် ၁၄၀ ဝန်းကျင်ပေါက်ဈေးရှိနေ တယ်လို့ သိရပါတယ်။ မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင်က လောလော ဆယ် ဈေးကွက်ငြိမ်သေးတယ်၊ သင်္ကြန်မတိုင်ခင်က ပေါ်ဦးပေါ်ဖျားဖြစ်တော့ ဈေးကောင်းခဲ့ပြီး နောက်ပိုင်းမှာ ဈေးကွက်အဝင်များ သွားလို့ဈေးကျတယ်၊ ရှေ့လျှောက် သရက်သီးက တချို့လေတိုက်မှာစိုးလို့ စောပြီးခူးတာတွေနဲ့ မမှည့်သေးတဲ့အသီးတွေ ပါလာမှာစိုးတယ်လို့ ပြောပါတယ်။

သရက်သီးအနုတွေကို တင်ပို့ခဲ့မှုတွေက ဈေးကွက်ထိခိုက်စေသဖြင့် စည်းကမ်းနဲ့ ခူးဆွတ်တင်ပို့ရင် ယွမ် ၁၀၀ အထက်မှာ ရှိနေမယ်လို့သိရတယ်။ အခါရက်မတိုင်ခင် သရက်အနုတွေနဲ့ ဆင့်ပွားရိုက်စားကြတယ်၊ စားမကောင်းသေးတဲ့အချိန်ပေါ့၊ ဂျာအေး သူ့အမေရိုက်ရင်းနဲ့ သင်္ကြန်အပြီး ဈေးကွက်သဘာဝပဲ၊ ပေါက်ဈေးအမှန်ကို အာရုံစိုက်သင့်တယ်၊ ပြောရရင် သရက်ကတရိပ်ရိပ်ဈေးကျနေတယ်လို့ ခွာညိုသရက်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကပြောပါတယ်။ လက်ရှိ မူဆယ် ၁၀၅ မိုင် စိန်တလုံးသရက်ဈေးကွက်မှာ အိတ်စွတ်(၁၆ ကီလို)ယွမ် ၁၀၀-၁၄၀ ကြားပေါက်ဈေးရှိနေပြီး အိတ်လွတ်မှာ ၄၀-၈၀ ယွမ်ရှိနေတယ်လို့ သိရပါတယ်။ သရက်သီး အထွက်များတော့မှာဖြစ်သလို တင်ပို့သူများလာတာတွေက ဈေးကွက်သဘောတရားအရ အကျဘက်ဦးတည်နေတယ်လို့ သရက်ကုန်သည် တချို့ကဆိုပါတယ်။

**Source:** https://www.kumudranews.com/news-33302

## တရုတ်ကိုကျွဲနွားတင်ပို့မှုမှာ တရားမဝင်က နှစ်ဆလောက်ပိုများနိုင်

တရုတ်ကို ကျွဲနွားတင်ပို့မှုမှာ ပြီးခဲ့တဲ့တစ်နှစ်လုံး သုံးသိန်းလောက် တရားဝင်တင်ပို့ပြီး တရားမဝင် တင်ပို့တာတွေက နှစ်ဆလောက်အထိရှိနိုင်တယ်လို့ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်က သိရပါတယ်။တရားဝင် တင်ပို့နေတာက တစ်ရက်ကို ၁၀,၀၀၀ ကျော်လောက် ပျမ်းမျှတင်ပို့နေတယ်လို့ သိရပါတယ်။ တင်ပို့တဲ့သူတွေအတွက် အခက်အခဲကတော့ လမ်းမှာလက်နက်ကိုင်အဖွဲ့အစည်းတွေ မူဆယ်လမ်းကြောင်းမှာဆို အများကြီးရှိနေတဲ့အတွက် ဒါတွေကို ကျော်ဖြတ်ရတာတွေရှိတယ်လို့ သိရပါတယ်။

တင်ပို့တဲ့အချိန်မှာ တခြားအခက်အခဲတွေကတော့ တင်ပို့ရ တဲ့သူတွေရဲ့ လုပ်ရတဲ့အခက်အခဲလေးတွေရှိတယ်၊ အသက်နဲ့ရင်းရတာတွေလဲရှိတယ်၊ ကျွန်တော်တို့က ပေးထားတာပဲဖြစ်ဖြစ် တစ်ခုခုရှိပေမဲ့လဲ နွားကားတွေကို ပစ်ခတ်မှုတွေရှိလာတယ်လို့ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာကျော်ထင်က ပြောပါတယ်။ နောက်အခက်အခဲတစ်ခုကတော့ ကျွဲနွားမွေးမြူရေးကို အရေးကြီးကုန်စည်တွေထဲကနေ မထုတ်သေးတဲ့အတွက် ဒါ တွေကလည်း အခက်အခဲတွေဖြစ်နေတယ်လို့ ဆိုပါတယ်။

အရေးအကြီးဆုံးကတော့ မွေးမြူသူရော တင်ပို့သူတွေအတွက် အရေးကြီးကုန်စည်ထဲက ကျွဲနွားကို ဖယ်ရှားပေးဖို့လိုနေတာဖြစ်ပြီး လိုင်စင်စီစနစ်ကိုဖျက်ပြီးတော့ နိုင်ငံတကာမှာသုံးနေတဲ့ တစ်ကောင်ချင်းပေးဆောင်ရတဲ့ စနစ်မျိုးသုံးလာဖို့လိုတယ်လို့ ၄င်းက ဆိုပါတယ်။ကျွဲနွားကို အကောင်လိုက်ရောင်းမယ်ဆိုရင်လဲ ပြည်တွင်းမှာ ဈေးကွက်ဖြစ်ဖို့ လိုပါတယ်၊ အကောင်လိုက်ရောင်းတာအပြင် ပြည်တွင်းမှာလဲ အသားဖျက်တဲ့ စက်ရုံတွေပေါ်လာဖို့ အားပေးဖို့လဲလိုပါတယ်၊ တစ်ချိန်ကျရင်အသားအနေနဲ့ တင်ပို့နိုင်အောင် အခုလဲတင်ပို့နေတာတွေ ရှိပါတယ်လို့ ၄င်းက ပြောပါတယ်။

ဒါပေမဲ့လည်း တရားဝင်ပုံစံမျိုးမဟုတ်ဘဲ အဆင်ပြေသလို ပို့နေရတဲ့ ပုံစံဖြစ်တဲ့အတွက် ဒါကိုတရားဝင် အသိအမှတ်ပြုပို့ပေးနိုင်ဖို့ လိုနေသေးတယ်လို့ဆိုပါတယ်။ဒါဟာ သားရေရော၊ အသားရော စနစ်တကျ လုပ်မယ်ဆိုရင် ပို့လို့ရတဲ့ အနေအထားမျိုးဖြစ်ပြီး တောင်သူတွေမွေးမြူထားတဲ့ အရေအတွက်တစ်ခုမှာ တရုတ်နိုင်ငံကလည်း နယ်စပ်မှာ စက်ရုံတည်ထားတာရှိနေတဲ့အတွက် လိုအပ်ချက်လည်းရနေတယ်လို့ မန္တလေး တိုင်းဒေသကြီး မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆိုပါတယ်။ တခြားနိုင်ငံအတွက် လိုအပ်ချက် တွေလည်းရှိတဲ့အတွက် အစိုးရအနေနဲ့ကိုင်တွယ်ပြီးတော့ ပြည်တွင်းဈေးကွက်ဖြစ်လာရင် တောင်သူတွေအတွက် ပိုပြီးတော့ အဆင်ပြေမယ် ထင်တယ်လို့ မန္တလေးတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက ဆိုပါတယ်။

**Source:** https://www.kumudranews.com/news-33292

## တရုတ်နိုင်ငံ၏ ပြောင်းဝယ်လိုအား မြင့်တက်လာခြင်းကြောင့် မြန်မာပြောင်းတင်ပို့မှုမြင့်တက်နိုင်

တရုတ်နိုင်ငံ၏ ပြောင်းဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ၂၀၁၈-၁၉ ရာသီတွင် မြန်မာနိုင်ငံသည် ပြောင်းတိုးမြှင့်တင်ပို့နိုင်ဖွယ်ရှိသည်ဟု အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) ၏ ဗုဒ္ဓဟူးနေ့ထုတ် အစီရင်ခံစာက ဖော်ပြသည်။

မြန်မာနိုင်ငံ၏ ပြောင်းတင်ပို့မှုမှာ ကနဦးမျှော်မှန်းချက်ဖြစ်သော မက်ထရစ်တန်ချိန် ၁ ဒသမ ၂ သန်းထက် တန်ချိန် နှစ်သိန်း ပိုများ၍ တန်ချိန် ၁ ဒသမ ၄ သန်း ရှိလာမည်ဟုခန့်မှန်းသည်။ ၂၀၁၉-၂၀၂၀ ရာသီတွင် ပြောင်းတင်ပို့မှု ပမာဏ အလားတူအတိုင်း ဆက်ရှိနိုင်မည်ဟု အစီရင်ခံစာက ခန့်မှန်းထားသည်။ အစိုးရနဲ့ ကုန်သွယ်ရေး သတင်းရင်းမြစ်တွေအရ ၂၀၁၇-၁၈ ရာသီအတွင်း မြန်မာပြောင်းတင်ပို့မှုရဲ့ ၉၀-၉၅ ရာခိုင်နှုန်းဟာ မြန်မာ-တရုတ် နယ်စပ်ကို ဖြတ်ကျော်ခဲ့ပါတယ်ဟု USDA က ဖော်ပြသည်။

၂၀၁၇-၁၈ ရာသီတွင် တရုတ်၏ ပြောင်းဝယ်အားမြင့်တက်မှုကြောင့် ပြောင်းဈေးကောင်းရခဲ့သဖြင့် မြန်မာ တောင်သူများအား ပြောင်းတိုးချဲ့စိုက်ပျိုးစေခဲ့သည်ဟု အစီရင်ခံစာကဖော်ပြသည်။ ပြောင်းဝယ်လိုအားများနှင့် ပြောင်းဈေးကောင်းခြင်းတို့ကြောင့် ၂၀၁၈-၁၉ ရာသီတွင် မြန်မာပြောင်းထုတ်လုပ်မှု တန်ချိန် ၅၀၀၀၀ မြင့်တက်ကာ တန်ချိန် ၂ ဒသမ ၃ သန်းအထိ ရှိနိုင်ပြီး ၂၀၁၉-၂၀ ရာသီတွင် တန်ချိန် ၂ ဒသမ ၃၅ သန်း ရောက်ရှိလာနိုင်ကြောင်း USDA က ဖော်ပြသည်။ တိရစ္ဆာန်စာလုပ်ငန်း အားကောင်းလာခြင်းကြောင့် ပြည်တွင်း ပြောင်းဝယ်လိုအားလည်း မြင့်တက်လာပြီး ၂၀၁၇-၁၈ ရာသီက တန်ချိန် ၇၂၀၀၀၀ ရှိခဲ့ရာမှ တန်ချိန် ရှစ်သိန်း ရောက်ရှိလာမည်ဟု ခန့်မှန်းသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ကွမ်းသီးမှို ဝယ်လိုအားကောင်း



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်မှာ ဒေသထွက်ကွမ်းသီးမှို တွေ ဝယ်လိုအားကောင်းတာကြောင့် စိုက်ပျိုးရောင်းချသူတွေ ဝင်ငွေကောင်း နေတယ်လို့ ဒေသခံတွေကပြောပါတယ်။ ကွမ်းသီးမှိုကို ဒေသခံတွေလည်း ကြိုက်နှစ်သက်သလို ခရီးသွားဧည့်သည်တွေလည်း ဝယ်ယူကြတယ်လို့လည်း စိုက်ပျိုးသူတွေက ပြောပါတယ်။

တနင်္သာရီမြို့က ဒေသခံတွေဟာ ကွမ်းခြံစိုက်ပျိုးတာကို အဓိက စီးပွားအဖြစ် လုပ်ကိုင်ကြပြီး၊ အဲဒီကွမ်းသီးခြံတွေ ရာသီကုန်ဆုံးတဲ့အခါ ကွမ်းသီးအခွံတွေ ကနေ ကွမ်းသီးမှိုရအောင် ပြင်ဆင်ကြပါတယ်။ ကွမ်းသီးမှိုကို ကွမ်းသီးအခွံတွေကို အရိပ်ရတဲ့နေရာမှာ သဘာဝ မိုးရေခံတာ ရေလောင်းပေးတဲ့နည်းနဲ့ ကွမ်းသီးမှိုကို ရရှိစေတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးမှို နို့ဆီဗူးတစ်ဗူးကို ငွေကျပ် (၂၅၀)နဲ့ ရောင်းချရပြီး တစ်နေ့ပျမ်းမျှ ကျပ်တစ်သောင်းခန့် ဝင်ငွေရရှိနေတယ်လို့လည်း ကွမ်းသီးမှိုစိုက်ပျိုးသူ

မဇင်မာမြင့်ကပြောပါတယ်။ ကွမ်းသီးမှိုကို ညနေပိုင်းမှခူးယူပြီး ညစာအနေနဲ့ချက်စားရင် ချိုတဲ့သဘာဝ အရသာကို ရရှိတယ်လို့လည်း သိရပါတယ်။

**Source:** https://www.facebook.com/kope.aung

## ကမ္ဘာ့ရွှေဝယ်လိုအား ဆက်လက်မြင့်တက်နေ

ကမ္ဘာ့ ရွှေဝယ်လိုအားကတော့ ယခုနှစ် ၂၀၁၉ ပထမသုံးလပတ်မှာ မြင့်တက်ခဲ့တယ်လို့ ကမ္ဘာ့ရွှေကောင်စီ WGC က ထုတ်ပြန်ပါတယ်။ ဒါဟာ ပထဝီနိုင်ငံရေး အခြေအနေမတည်ငြိမ်မှုတွေအပေါ် စိုးရိမ်ပူပန်နေရစဉ် ဗဟိုဘဏ်တွေကလည်း ဒေါ်လာငွေကြေးကနေဖယ်ခွာပြီး ရွှေဘက်ကိုပြောင်းလဲအာရုံစိုက်လာနေတဲ့အချိန်ခုလို ရွှေဝယ်လိုအား မြင့်တက်နေတာဖြစ်ကြောင်း ကမ္ဘာ့ရွှေကောင်စီ WGC က ထုတ်ပြန် ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ရွှေဝယ်လိုအားကတော့ ယခုနှစ်ကနဲ့ ယှဉ်ရင် ယခုနှစ်ပထမသုံးလပတ်မှာ တန်ချိန်ပေါင်း ၁,၀၅၃ ဒသမ ၃ တန်အထိ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း WGC က ထုတ်ပြန်သွားပါတယ်။ ဗဟိုဘဏ်တွေရဲ့ ဝယ်ယူမှု ပမာဏကတော့ ရွှေတန်ချိန်ပေါင်း ၁၄၅ ဒသမ ၅ တန်အထိရှိခဲ့ပြီး ၆၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တယ်လို့ဆိုပါတယ်။ ဒါဟာ ၂၀၁၃ နောက်ပိုင်း အားအကောင်းဆုံး စွမ်းဆောင်မှု ကာလလည်း ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**Source:** https://www.channelnewsasia.com/.../central-banks-boost-gold-...

## မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံများကို အထောက်အကူပြုစေမည့် မြန်မာ့ခရီးသွားဘဏ်ဖွင့်လှစ်မည်

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ခရီးသွားလုပ်ငန်းတွင်ပါဝင်သည့် ခရီးသွား အေဂျင်စီများ၊ ပြည်တွင်းပြည်ပခရီးသွားများ၊ ဟိုတယ်လုပ်ငန်းများနှင့် စားသောက်ဆိုင်လုပ်ငန်းများစသည့် ဆက်စပ်အခြေခံ အဆောက်အအုံပိုင်းအတွက်ပါ အထောက်အကူပြုစေမည့် မြန်မာ့ခရီးသွားဘဏ် (Myanma Tourism Bank) ကို လာမည့် မေ ၆ ရက်တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် ၊ ပြည်လမ်းရှိ စိုက်ပျိုးရေးမှတ်တိုင်အနီးတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါ ဘဏ်မှ သိရသည်။




မြန်မာ့ခရီးသွားဘဏ်သည် ၂၀၁၈ ခုနှစ် ဖွန်လတွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ Full Commercial License လိုင်စင် ရရှိခဲ့သဖြင့် အခြားသောဘဏ်ကြီးများနည်းတူ ဘဏ်၏ ဝန်ဆောင်မှု များကို အပြည့်အဝ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီးရရှိသည့် အကျိုး အမြတ်များထဲမှ တစ်စိတ်တစ်ပိုင်းကို မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ထည့်ဝင်သွားမည်ဟု အဆိုပါဘဏ်မှ မန်နေးဂျင်းဒါရိုက်တာ ဦးစောဘိုဘိုကဆိုသည်။

ခရီးသွားဘဏ်ဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းတွေ၊ ခရီးသွားတွေအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပါတယ်။ ခရီးသွားလုပ်ငန်းတွေအတွက်ဆိုရင်တော့ ဟိုတယ်တွေ၊ စားသောက်ဆိုင်ကြီးတွေ၊ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ အခြားလုပ်ငန်းတွေအတွက် အကောင်းမွန်ဆုံး အပြည့်ဝဆုံးဘဏ်ဝန်ဆောင်မှုတွေကို ပေးသွားမှာ ဖြစ်ပါတယ်။ ခရီးသွား Agency အတွက်ဆိုရင်လည်း ခရီးသွားတွေပိုမိုရရှိလာအောင် Travel Loan ချေးငွေတွေ ချပေးဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒီလိုမျိုး Eco System ကြီးတစ်ခုလုံးကို လိုအပ်တဲ့ Customized Payment Product တွေအားလုံးနဲ့ ချေးငွေတွေထုတ်ချေးပြီးတော့ ခရီးသွား လုပ်ငန်းစုကြီးတစ်ခုလုံး တိုးတက်လာအောင်၊ ပိုမိုလှုပ်ရှား လာအောင် လုပ်သွားဖို့အစီအစဉ်တွေရှိပါတယ်။ အခုလိုလုပ်ခြင်းအားဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုး တိုးတက်လာလိမ့်မယ်လို့ ရည်ရွယ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ ခရီးသွားဦးရေတွေလည်းပိုများလာမယ်။ သုံးစွဲနိုင်မှု တွေလည်း ပိုများလာမှာပါ။ ဒါကတော့ ပထမဆုံးမြင်တွေ့ရမယ့်အရာပါဟု မန်နေးဂျင်းဒါရိုက်တာ ဦးစောဘိုဘို ကပြောသည်။ ထို့အပြင် နိုင်ငံခြားသို့သွားမည့် ခရီးသွားများအတွက် နိုင်ငံရပ်ခြားရှိ Payment လုပ်သည့်အခါ လွယ်ကူ စေရန် ကတ်စနစ်များ၊ Wallet စနစ်များဖြင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းခရီးသွားများ၏ ငွေကြေးလိုအပ်ချက်ကိုလည်း မြန်မာ့

ခရီးသွားဘဏ်က ချေးငွေထုတ်ပေးသွားမည်ဟုသိရသည်။ ရေရှည်အတွက်ကတော့ ကျွန်တော်တို့ဘဏ်က ချေးငွေတွေထုတ်ချေးတဲ့ အပြင်နောက်ပိုင်းမှာ နိုင်ငံတကာဘဏ်တွေနဲ့ ချိတ်ဆက်ပြီး အဆင့်မြင့် ချေးငွေတွေကို အတိုးနှုန်းသက်သက်သာသာနဲ့ ရရှိလာအောင် ၊ ပြည်တွင်းကုမ္ပဏီတွေ၊ လုပ်ငန်းတွေဟာ ပြည်ပကလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီး ကူးသန်းရောင်းဝယ်မှုတွေလုပ်တဲ့အခါမှာ အသုံးပြုမယ့် ဘဏ်ဝန် ဆောင်မှုအသစ်တွေပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။ လက်ရှိမှာ နိုင်ငံတကာဘဏ်တွေနဲ့ ချိတ်ဆက် မှုတွေလုပ်နေတယ်။ နိုင်ငံတကာ Payment Agency တွေဖြစ်တဲ့ Visa/Master/JCB/UPI တို့နဲ့ ချိတ်ဆက် ဆောင်ရွက်ဖို့အတွက် အခုစတင်ဆောင်ရွက်နေပါပြီ။

အခုဆိုရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ Visa Free နိုင်ငံတွေလည်းများလာပါပြီ။ အဲဒီလိုများလာတာနဲ့အမျှ မြန်မာ့ခရီးသွားလုပ်ငန်း အရေအတွက်ကလည်းများလာမှာဖြစ်ပါတယ်။ အများစုကတော့ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နဲ့အနောက်နိုင်ငံတွေပဲဖြစ်ပါတယ်။ ဝင်ရောက်လာမယ့် နိုင်ငံတွေရဲ့ Payment စနစ် ပုံစံတွေပေါ်မှာ မူတည်ပြီးတော့ Payment Solutions တွေ ကိုကြိုတင်ပြင်ဆင်နေပါတယ်ဟု ၎င်းကဆိုသည်။ ယခုဖွင့်လှစ်တော့မည့် မြန်မာ့ခရီးသွားဘဏ်သည် ဟိုတယ်နှင့်ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် ပထမဆုံး ဖွင့်လှစ်သည့်ဘဏ်ဖြစ်ပြီး မေလအတွင်း၌ နေပြည်တော်နှင့်မန္တလေးမြို့တွင်လည်းကောင်း၊ ဖွန်လအတွင်း၌ ခရီးသွား လုပ်ငန်း၏အချက်အချာဖြစ်သော မြန်မာနိုင်ငံ၏ဝင်ပေါက်များဖြစ်သည့် မူဆယ်နှင့်မြဝတီမြို့တို့တွင် လည်းကောင်း ဘဏ်ခွဲများဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အပြင် ယခုနှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၀ ခု အထိဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်းသိရသည်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ဝင်ရောက်မှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၅၅ သန်း၊ ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄၄ သန်း၊ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ၉၀ သန်း၊ ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၆ သန်းရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2399116806842264?__tn__=K-R

## ဘားအံတွင် ပထမဆုံးတောင်သူလယ်သမားသီးနှံအရောင်းဆိုင်ဖွင့်လှစ်




တောင်သူတွေ လုံခြုံစိတ်ချရတဲ့သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့၊ ဈေးကွက်တခု ရလာစေဖို့နဲ့ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် တောင်သူလယ်သမား သီးနှံအရောင်းဆိုင်ကို ဘားအံမြို့ မှာ ပထမဆုံးအကြိမ်ဖွင့်လှစ်လိုက်ပါတယ်။

တောင်သူတွေစိုက်ပျိုးထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဈေးကွက်တခု ဖော်ဆောင်ဖို့၊ တောင်သူအချင်းချင်းကြား စိုက်ပျိုးထုတ်လုပ်တဲ့ အသီးအနှံတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက် နည်းပညာပိုင်းတွေရရှိစေဖို့၊ ကျစ်လစ်ခိုင်မာပြီး အနှောင့်အယှက် ကင်းတဲ့ ဈေးကွက်တခုရရှိစေဖို့၊ စားသုံးသူတွေအနေနဲ့ တောင်သူလယ်သမားဈေးကွက်ကို အခြေပြုပြီး သန့်ရှင်းလတ်ဆတ်တဲ့ အသီးအနှံတွေကို တနေရာတည်းမှာ စုစည်းဝယ်ယူနိုင်ဖို့အတွက် ရည်ရွယ်ပြီး တောင်သူလယ်သမား ဈေးကွက် အရောင်းဆိုင်ကို ဖွင့်လှစ်ခဲ့တာပါ။

ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုပြည်နယ်ဦးစီးမှူး ဦးကျော်မောင်မောင်က တောင်သူတွေ ဒီမှာလာပြီး ကိုယ်တိုင်ထုတ်လုပ်တယ်။ တချို့က စိုက်ပျိုးရေးဆို စိုက်ပျိုးရေး တခုပဲလုပ်ကြတာ။ ဒီလိုရောင်းချဖို့ အတွေ့အကြုံမရှိကြဘူးလို့ပြောပါတယ်။ ဘားအံမြို့၊ ကော့လိုက်ကျေးရွာ၊ ဒေါ်ခင်မမထွန်းက ရွာမှာကျတော့ ကုန်သည်တွေ အနိမ့်ခံရတာပေ့ါ။ ဈေးမရဘူး။ သူတို့ကတဆင့်ရောင်းလိုတော့ ရောင်းရတယ်။ ဈေးအနိမ့်ခံ ရတယ်။ အခုတောင်သူတွေ ရောင်းဖို့ အဆင်ပြေသွားတယ်လို့ပြောပါတယ်။ ဘားအံမြို့၊ ဟင်းသီးဟင်းရွက် ဈေးကွက်မြှင့်တင်ရေးစီမံချက်၊ တာဝန်ခံ ဒေါ်ရီလွင်က အကျိုးကျေးဇူးတွေ အများကြီးရှိတယ်။ ဒီလိုမျိုး Farmer Market က သီးသန့်က လုံးဝပထမဆုံး အကြိမ်ပေ့ါ။ ဒီလို Farmer Market ဖြစ်လာတဲ့အတွက် အများကြီးအကျိုးရှိတယ်လို့ပြောပါတယ်။

အရောင်းဆိုင်ဖွင့်ပွဲမှာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ နိပွန်ဖောင်ဒေးရှင်း၊ ADVANCE Myanmar Project ၊ စိုက်ပျိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ တောင်သူ ၅၈ ဦးရဲ့ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တဲ့ ဟင်းသီးဟင်းရွက်တွေ ရောင်းချခဲ့ပါတယ်။ ဒါ့အပြင် မီးဖိုချောင်သုံးပစ္စည်းတွေ၊ သဘာဝ ဝါးကနေထုတ်လုပ်တဲ့ ကုန်ချော တွေနဲ့ သစ်တောထွက် ဆေးဖက်ဝင်ပစ္စည်းတွေကိုပါ ရောင်းချခဲ့ပါတယ်။ ဘားအံမြို့၊ ခဲတောက်ကျေးရွာ၊ ဒေါ်နန်းစောမြင့်က

ဒီမှာက ဒီနေ့ရှုးတယ်။ ဒီနေ့ ရောင်းတယ်ဆိုတော့ လတ်လတ်ဆတ်ဆတ်ဖြစ်တော့ ဂယ်ရတာစိတ်ချတယ်။ စားရလည်း ယုံကြည်စိတ်ချမှုရှိတာပေ့ါလို့ ပြောပါတယ်။ အရောင်းဆိုင်ကို ၁ ပတ် ၁ ကြိမ်၊ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဘားအံမြို့၊ ကန်သာယာ ညဈေးမြေကွက်လပ်မှာ အပတ်စဉ်ဖွင့်လှစ်ရောင်းချပေးသွားမှာဖြစ်သလို မြို့နယ် ၇ မြို့နယ် အတွင်းက တောင်သူတွေကိုပါဖိတ်ခေါ်ပြီး ရောင်းချနိုင်အောင် စီစဉ်ထားတယ်လို့ တာဝန်ရှိသူကပြောပါတယ်။

**Source:** https://news.ydnp.net/266878/

## အောက်တိန်းဆီဈေး ဆက်တက်၊ ဒီဇယ်ဈေးပြန်ကျ




အမြင့်ဆုံးဈေးနှုန်းများအဖြစ် ရောက်နေသော စက်သုံးဆီဈေးနှုန်းများသည် ယခုအခါ ဒီဇယ်ဈေးနှုန်းများ ပြန်ကျသော်လည်း အောက်တိန်းဆီဈေးမှာ ဆက်လက်မြင့်တက်ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှသိရသည်။ ဒီဇယ်ဈေးသည် ယခုနှစ် ဖေဖော်ဝါရီမှမေလအထိ လေးလအတွင်း ပထမဆုံးအနေနှင့်ကျဆင်းခြင်းဖြစ်ပြီး အောက်တိန်းဈေးမှာမူ တစ်ပတ်လျှင် ၁၀ ကျပ်ဖြင့် သုံးပတ်ဆက်တိုက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အောက်တိန်းဆီဈေးကွက်တွင် ပြည်ပဈေးက တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာခန့် ကျဆင်းသော်လည်း ပြည်တွင်းဈေးကွက်၌မူ တစ်လီတာလျှင် ၁၀ ကျပ်ဆက်တက်ပြီး ဒီဇယ်ဈေးကွက်တွင် ပြည်ပဈေးမှာ တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁ မှ ၂ အထိကျဆင်း၍ ပြည်တွင်းဈေးမှာ တစ်လီတာလျှင် ၁၀ ကျပ်ခန့်ကျဆင်းကြောင်း ယင်းဈေးကွက်အတွင်းမှသိရသည်။

ပြည်ပစက်သုံးဆီဈေးသည် ကမ္ဘာ့ရေနံစိမ်းဈေး အနည်းငယ်ပြန်လည်ကျဆင်းသည့်အတွက် ကျဆင်းခြင်းဖြစ်ပြီး ပြည်တွင်း ဈေးမှာလည်း ပြည်ပဈေးပေါ်မူတည်၍ လိုက်ပါပြောင်းလဲနိုင်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်များကဆိုသည်။ လက်ရှိ ပြည်တွင်းစက်သုံးဆီ ဈေးကွက်အတွင်း ဒီဇယ်တစ်လီတာလျှင် ၁၀၀၀ ကျပ်၊ အဆင့်မြင့် ဒီဇယ်တစ်လီတာလျှင် ၁၀၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ၉၀၀ ကျပ်နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၉၇၀ ကျပ်ဈေးရှိပြီး ပြည်ပဈေးသည် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၃၊ အဆင့်မြင့်ဒီဇယ် တစ်စည်လျှင် ၈၃၊ အောက်တိန်း ၉၂ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၈ နှင့် အောက်တိန်း ၉၅ တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၁ ဈေးရှိကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

**Source :** https://news.ydnp.net/266447/

## နယ်စပ်ကုန်သွယ်ပမာဏ ဒေါ်လာ သန်း ၄၀၀၀ ကျော်ရရှိနေ



လက်ရှိဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ နယ်စပ် ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကျော်အထိ ရရှိခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့စာရင်းတွေအရ သိရပါတယ်။

ဝန်ကြီးဌာနရဲ့ နယ်စပ်ကုန်သွယ်မှုပမာဏ လျာထားချက်ကတော့ လက်ရှိဘဏ္ဍာနှစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၉၅၀၀ ကျော်ဖြစ်ပါတယ်။ ပို့ကုန်အတွက် ကန်ဒေါ်လာသန်း ၇၀၀၀ ကျော်ဖြစ်ပြီး သွင်းကုန်အတွက် ကန်ဒေါ်လာ သန်း ၂၀၀၀ ကျော် ဖြစ်ပါတယ်။ လက်ရှိဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ပြီးခဲ့တဲ့ကာလတူထက် လျော့နည်းတင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းတွေကတော့ ကျောက်စိမ်း၊ ဆန်၊ ဆန်ကွဲ၊ သဘာဝဓာတ်ငွေ့၊ပြောင်း၊ သစ်ပါးလွှာနဲ့အထပ်သား၊ ဖရဲသီး၊ သီဟိုဠ်စေ့၊ သားရေစိမ်းနဲ့ သားရေ ချော၊ သစ်မာခွဲသားနဲ့ နနွင်းတက်တို့ဖြစ်ပါတယ်။ ဒီတင်ပို့မှုလျော့နည်းခဲ့တဲ့ ကုန်စည်တွေထဲမှာ အများစုက နယ်စပ်ကနေတင်ပို့လျက်ရှိတဲ့ ကုန်စည်တွေဖြစ်ပါတယ်။ ဒီအတွက်လည်း လက်ရှိနယ်စပ်ကုန်သွယ်ရေး ပမာဏဟာ ၄၂.၉၈ ရာခိုင်နှုန်းသာ ရှိသေးတာဖြစ်ပါတယ်။ မူဆယ်မြို့က ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဦးခွန်မင်းသန့်က အခုလဲနယ်စပ်ကုန်သွယ်ရေးကတော့ အေးစက်စက်ပဲ ဘာမှမထူးဘူး၊ ပါမစ်ရတဲ့ဆန်တစ်မျိုးလောက်ပဲ သွားနေတာလို့ ပြောပါတယ်။

ပါမစ်ရတဲ့ ဆန်တစ်မျိုးပင်တင်ပို့ရပေမဲ့လည်း ယူနစ်အစိုးရက သွင်းကုန်ပါမစ်တစ်စောင်ကို တန်ချိန် ၅၀၀၀ လောက်ပဲ ခွင့်ပြုပေးတဲ့အတွက် သိပ်တော့ထိရောက်မှုမရှိဘူးလို့ ဆိုပါတယ်။ ခွင့်ပြုပေးတာကလည်း ဆန်တစ်မျိုးတည်းသာရှိပြီး တခြားလယ်ယာထွက်ကုန်တွေ ပါဝင်ခြင်းမရှိဘူးလို့ ဦးခွန်မင်းသန့်က ဆိုပါတယ်။

နိုင်ငံရဲ့နယ်စပ်ကုန်သွယ်ရေးကို တရုတ်နဲ့ အဓိကုန်သွယ်နေတာဖြစ်ပြီး တရုတ်နိုင်ငံရဲ့တရားမဝင်ကုန်စည်များ တားဆီးရေးမူဝါဒသစ်ကြောင့် ပြီးခဲ့တဲ့နှစ်လယ်ပိုင်းလောက်ကစပြီး နယ်စပ်ကုန်သွယ်ရေးဟာ အေးစက်နေခဲ့တာဖြစ်ပါတယ်။လက်ရှိမှာ မြန်မာနိုင်ငံရဲ့နိုင်ငံအလိုက် ပို့ကုန်တင်ပို့မှု အများဆုံးကတော့ တရုတ်နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံက ဒုတိယအများဆုံးနဲ့ စင်ကာပူက တတိယအများဆုံးအဖြစ် ရပ်တည်နေပါတယ်။ သွင်းကုန်ပိုင်းမှာတော့ တရုတ်က ပထမ၊ စင်ကာပူက ဒုတိယနဲ့ ထိုင်းကတတိယအများဆုံးမှာ ရှိနေပါတယ်။

**Source:** https://www.kumudranews.com/news-33301

## အာဆီယံလွတ်လပ်သော ကုန်သွယ်မှုအတွက် အရည်အသွေးပြည့် ပို့ကုန်များဖြစ်ရေး ဆောင်ရွက်နေဟုဆို

အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဖြစ်စေရေး အရည်အသွေးပြည့်မီသော ပြည်ပပို့ကုန်များဖြစ်စေရန် ဆောင်ရွက်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောသည်။ မေလ ၂ ရက်က စစ်ကိုင်းတိုင်းလွှတ်တော်အစည်းအဝေးတွင် ရွှေဘိုမြို့နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမိုးကျော်သူက တိုင်းဒေသကြီး အစိုးရအနေဖြင့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုအတွက် လုပ်ငန်းစဉ် များ မည်သို့ကြိုတင်ပြင်ဆင်ထားသည်ကိုသိလိုကြောင်း စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ ဦးကမ်ဇာမုံက ပြန်လည်ဖြေကြားသည်။

ယခု မြန်မာနိုင်ငံရှိ စိုက်ပျိုး သီးနှံမျိုးစုံကို စိုက်ပျိုးရေးဦးစီးဌာန က စိုက်ပျိုးရေးဆိုင်ရာ အလေ့အ ကျင့်ကောင်းများ (GAP) ၊ အာဆီ ယံ GAP နှင့် GLOBAL GAP နည်းစနစ်များကို အခြေခံရေးဆွဲ ထားသော နည်းစနစ်များနှင့်အ ညီ စိုက်ပျိုးစေပြီး GAP အသိအ မှတ်ပြု လက်မှတ်များထုတ်ပေး နေကြောင်း ၎င်းကပြောသည်။ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထားသော သီးနှံများသည် ဘေးအန္တရာယ်ကင်းရှင်းစေပြီး ထုတ်ကုန်အရည်အသွေး ကောင်းမွန်စေသဖြင့် မြန်မာနိုင်ငံသာမက ASEAN Free Trade ဇရိယာများနှင့် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်ရောင်းချနိုင်မည် ဖြစ်ပါတယ်ဟု ဦးကမ်ဇာမုံက ပြောသည်။ စိုက်ပျိုးရေးဦးစီးဌာနက ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချရသည့် လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်သို့ရောင်းချနိုင်ရေး သီးနှံအလိုက် GAP နည်းစနစ် စံပြကွက်များစိုက်ပျိုးပြသခြင်း၊ တောင်သူပညာပေး ဆွေးနွေးပွဲများကျင်းပခြင်းနှင့် စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များကို ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်နေကြောင်း ၎င်းကတိုင်းဒေသကြီး လွှတ်တော်တွင်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍက အရည်အသွေးပြည့်မီသော ဆန်စပါးဖြစ်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေးဆောင်ရွက်နိုင်ပါက ဒေသတွင်း နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး မယှဉ်ပြိုင်နိုင်လျှင် ဆန်စပါးဈေးကွက်ထိခိုက်နိုင်ခြေရှိကြောင်း ဦးမိုးကျော်သူက တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်အဖြစ် ၁၉၉၇ ဇူလိုင် ၂၃ ရက်တွင် ပါဝင်နိုင်ခဲ့သဖြင့် ASEAN Free Trade (အာဆီယံလွတ်လပ်သောကုန်သွယ်မှု) ဇရိယာ၌ ပါဝင်သည်။

Source : http://www.7daydaily.com/story/155273

## ပြည်တွင်းစားသုံးမှုများသောသစ်သီးများကို နယ်စပ်မှတရားဝင်တင်သွင်းခွင့်ပြု




ပြည်တွင်းစားသုံးမှုများသောသစ်သီးများ နယ်စပ်မှတရားဝင် တင်သွင်းခွင့်ကို ယခုနှစ်ဧပြီလကုန်တွင် ခွင့်ပြုကြောင်း ကုန်သွယ်ရေး ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ ပန်းသီး၊ သစ်တော်သီး၊ စပျစ်သီး အပါအဝင် သစ်သီးအချို့ကို ရာသီမရွေး တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကြက်မောက်သီး၊ ဒူးရင်းသီး၊ သရက်သီးတို့ကို ရာသီအလိုက် အချိန်သတ်မှတ်၍ နယ်စပ်စခန်းများမှ တင်သွင်းခွင့်ပြုမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီး ဌာနက ဧပြီ ၂၉ ရက်စွဲဖြင့် သတင်းထုတ်ပြန်သည်။ သစ်သီးများကို

ပြည်ပမှ တင်သွင်းရောင်းချလိုသူက စိုက်ပျိုးရေးဦးစီးဌာန၏ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်နှင့်အတူ ကုန်သွယ်ရေးဦးစီးဌာန၌ သွင်းကုန်လိုင်စင်လျှောက်ထားရမည် ဖြစ်သည်။ မြန်မာနိုင်ငံအတွက် ပန်းသီး၊ ပျားလိမ္မော်၊ နဂါးမောက်သီးစသည်တို့ကို တရုတ်နိုင်ငံမှ နယ်စပ် ကုန်သွယ်ရေးဖြင့် တင်သွင်းမှုရှိကြောင်း မူဆယ်မြို့ရှိ သစ်သီး ကုန်သည်တစ်ဦးကပြောသည်။

ကုန်သွယ်ရေးဦးစီးဌာနက နယ်စပ်မှ တင်သွင်းခွင့်ပြုသည့် သစ်သီးများသည် ပြည်တွင်း၌ စားသုံးမှုများသည့် အသီးများ အပြင် ချယ်ရီသီး၊ မန်ကျည်းချိုသီး၊ စွန်ပလွန်သီးများအပါအဝင် အသီးအမျိုးပေါင်း ၂၀ ပါရှိသည်။ တင်သွင်းခွင့်ပြုသည့် အသီးများအနက် အချို့အသီးများသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သော်လည်း ရာသီချိန် လွန်ချိန်၌ ပြည်တွင်းစားသုံးမှုအတွက် ခွင့်ပြုခြင်းဖြစ်သည်ဟု စီးပွားကူးသန်းဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး တစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးပြီး ပြည်ပသို့အဓိကတင်ပို့နေသည့် အသီးများသည် ဖရဲ၊ သခွားမွှေး၊ နဂါးမောက်သီးနှင့်သရက်တို့ဖြစ်သည်။ ဖရဲနှင့်သခွားမွှေး နှစ်မျိုးပေါင်းကို နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ယခုနှစ်တွင် တန်ချိန် ၁၀ သိန်းခန့် တင်ပို့နိုင်မည်ဟု မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဖိုလ်က ခန့်မှန်းထားသည်။

**Source:** http://www.7daydaily.com/story/155356

## STOCK EXCHANGE (6.5.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,700 | +300 | +3.19% | 9,400 | 9,700 | 9,400 | 5,789 | 55,633,100 | 27,112,747 | 262,994 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,050 | 3,000 | 12,026 | 36,265,800 | 38,929,150 | 116,787 |
| MCB | 00003 | 7,200 | +100 | +1.41% | 7,200 | 7,200 | 7,200 | 12 | 86,400 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,000 | 21,500 | 21,000 | 354 | 7,508,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,850 | 2,900 | 2,800 | 667 | 1,917,850 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.01 | +6.72 | +1.72% | 389.39 | 397.01 | 389.39 | 18,848 | 101,411,650 | 5 | 542,013 |


**Index chart**



## Market Overview

As of 1:00 pm, 6th May. 2019

| MYANPIX | 397.01 ▲ 6.72 |
|---|---|
| Total Volume (shares) | 18,848 |
| Total Value (MMK) | 101 mil |
| Listed Company | 5 |
| Market Cap. (MMK) | 542,013 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,700 | ▲ 300 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 100 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |

TIR